မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးကိုကိုလှိုင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့် စစ်သံမှူး Colonel Brey R. Sloan တို့ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ ၁-၆-၂၀၁၁

မြစ်ကြီးနားမြို့ ၄ ဒသမ ၄၅ လက်မ	စစ်တွေမြို့ ၃ ဒသမ ၉၄ လက်မ	အမ်းမြို့ ၃ ဒသမ ၁၉ လက်မ	ကျောက်ဖြူမြို့ ၂ ဒသမ ၀၉ လက်မ
	မောင်တောမြို့ ၃ ဒသမ ၆၂ လက်မ	မြောက်ဦးမြို့ ၂ ဒသမ ၄၀ လက်မ	ခန္တီးမြို့ ၂ ဒသမ ၀၅ လက်မ
	ကျောက်တော်မြို့ ၃ ဒသမ ၂၇ လက်မ	တောင်ငူမြို့ ၂ ဒသမ ၄၀ လက်မ	လှိုင်ကော်မြို့ ၁ ဒသမ ၉၇ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၂ ရက်)

ဇီဝမျိုးစုံမျိုးကွဲများရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

အပင်၊ သားငါး၊ တိရစ္ဆာန်မျိုးစုံ၊ အပူပိုင်းသစ်တော၊ တောင်ပေါ်သစ်တော၊ အင်တိုင်းတောနှင့် ဒီရေတောစသည့် သဘာဝအနေအထားအမျိုးမျိုးတို့သည် ဇီဝမျိုးစုံမျိုးကွဲများဖြစ်ကြသည်။

သစ်တောများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများသည် လူသားတို့၏ အသက်မွေးမှုလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် မရှိမဖြစ်လိုအပ်သည်။ သစ်တောများရှိခြင်းကြောင့် ဇီဝမျိုးကွဲများကြွယ်ဝပြီး ရေရှည်တည်တံ့နိုင်သကဲ့သို့ သစ်တောများရှိခြင်းကြောင့်ပင် လူတို့၏ စားဝတ်နေရေးအတွက် လိုအပ်သော ထွက်ကုန်ပစ္စည်းများကို ရရှိနိုင်သည်။

မြန်မာနိုင်ငံ၌ ဇီဝမျိုးစုံမျိုးကွဲ ၁၁၈၀၀ ခန့်ကို တွေ့ရှိထားပြီး ၎င်းတို့တွင် နို့တိုက်သတ္တဝါမျိုးစိတ် ၂၅၁ မျိုး၊ ၄က်မျိုးစိတ် ၁၀၅၆ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၂၇၂ မျိုး၊ ရေတစ်ပိုင်းကုန်းတစ်ပိုင်း သတ္တဝါမျိုးစိတ် ၈၃ မျိုး စသည်တို့ ပါဝင်သည်။ ထို့ပြင် သစ်တောများမှတစ်ဆင့် ဆေးဖက်ဝင်အပင်များစွာ ရရှိနိုင်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့်အန္တရာယ်များမှ ကာကွယ်ရာတွင် သစ်တောများသည် အလွန်အရေးပါလှသည်။ သစ်တောများသည် လူသားတို့ကောင်းကျိုးအတွက် ဂေဟစနစ် ဝန်ဆောင်မှုများ ဖြစ်ကြသော ရေသန့်စင်ခြင်း၊ အောက်ဆီဂျင်ဖန်တီးပေးခြင်း စသည်တို့ကိုလည်း ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထားရှိပြီး ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

သစ်တောများအပါအဝင် ဇီဝမျိုးကွဲများ တည်ရှိနေခြင်းသည် ဂေဟစနစ်များ ပုံမှန်တည်ရှိနေခြင်းကို များစွာ အထောက်အကူပြုလျက်ရှိပြီး လူသားမျိုးဆက်များအတွက် အရေးပါလျက်ရှိရာ ဇီဝမျိုးစုံ မျိုးကွဲများ ကြွယ်ဝမှု ရေရှည်တည်တံ့ရေးအတွက် ပြည်သူများက ဒေသအတွင်းရှိ သစ်တောသယံဇာတများနှင့် သဘာဝ ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား ဧည့်သည်အဖွဲ့များ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား စင်ကာပူနိုင်ငံ Indo Sino Trade Pte., Ltd. မှ Director Mr. Lalit Rajendra Jain ဦးဆောင်သောအဖွဲ့သည် မေ ၃၁ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဧရာဝတီတိုင်းဒေသကြီး၏ အဓိကထွက်ကုန်ဖြစ်သော ဆန်များအား ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ဆွေးနွေး

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား Shwe More Group Industry Co., Ltd. Managing Director ဦးစိုးမောင်မြင့်နှင့် Sinohydro Corporation Limited မှ Mr. Chen QI ဦးဆောင်သောအဖွဲ့သည် နံနက် ၁၀ နာရီတွင် လာရောက်တွေ့ဆုံပြီး ပုသိမ်မြို့ ရေနက်ဆိပ်ကမ်း အဆင့်မြှင့်တင်ရန်၊ ဆန်နှင့် ရေထွက်ပစ္စည်းများ ကုန်သွယ်မှုပြုလုပ်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထကကျောင်းအဖြစ် ကျောင်းကုန်း၌ တိုးမြှင့်

ကျောင်းကုန်း ဇွန် ၁

အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီက ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အစုကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမျိုးကျော်၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေ၊ ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ပေး

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး လက်ထောက်ပညာရေးမှူး (စစ်ဆေးရေး) ဦးကြည်အောင်က အခြေခံပညာ အထက်တန်းကျောင်း ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီးနောက် ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ဧရာဝတီတိုင်းဒေသကြီး လက်ထောက်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန်က အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၉၁)**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ ၂၈ ရက်က မြောက်ပိုင်းခရိုင် ဈေးများဌာနရုံးမှ ဌာနစုမှူး ဒေါ်သင်းသင်းကြည်၊ ဈေးတာဝန်ခံ ဦးသန်းထွေး၊ ဘုရင့်နောင်မီးသတ်စခန်းတာဝန်ခံ ဦးအောင်လင်းဦး၊ ဈေးသာယာရေးဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်စဉ်။

(မြန်မာ့အလင်း)

မြဝတီ၌ စီမံကိန်းတာဝန်ပေး

မြဝတီ ဇွန် ၁

မြဝတီမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး သောင်ရင်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီးမြို့နယ်စီမံကိန်းဦးစီးရုံးမှ ဦးစီးအရာရှိ မြို့နယ်တာဝန်ခံ ဦးညွှန့်ဦးက စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လက်ခံ

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ရာ ဆက်သွယ်ရေးတာဝန်ခံ(တယ်လီဖုန်း)မှ ဦးမောင်မောင်တာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၈ဝ)**

မိုးရာသီ ကျွန်းပင်စိုက်ပျိုးရေး ကျောက်တန်းတွင် ဟောပြော

သန်လျင် ဇွန် ၁

သန်လျင်မြို့နယ် သစ်တောဦးစီးဌာန ကျောက်တန်းနယ်မြေအတွင်း ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို မေ ၂၅ ရက်က ညောင်ဝိုင်းကျေးရွာတွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါဟောပြောပွဲတွင် ညောင်ဝိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမင်းဇော်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးမင်းဝင်းထွဋ်တို့က ကျွန်းပင်များစိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးမည့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးဟောပြောပြီးနောက် **(အပေါ်ပုံ)**သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုလွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော လွှတ်တော်ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ဇမ္ဗူသီရိအစည်းအဝေး ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန် အထက်လွှတ်တော် အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဒေသခွဲအဆင့် သက်ကြီးရွယ်အို မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှု၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ ပံ့ပိုးကူညီမှု၊ Help Age International (HAI)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသခွဲအဆင့် သက်ကြီးရွယ်အို မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Sub-Regional Workshop on National Policy on Ageing) ကို မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး သက်ဆိုင်ရာနိုင်ငံများအလိုက် ဒေသခွဲအဆင့် သက်ကြီးရွယ်အို မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန် ပြည်ထောင်စုသံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger လည်း တက်ရောက်သည်။

တည်ခင်းဧည့်ခံ

မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဧည့်သည် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၁

ဦးစိန်မြင့်(ဘိုကလေးမြို့)သည် ကစားဖော်များဖြစ်ကြသော ဦးဝင်းသိန်း (ဇေယျာပန်းပုလုပ်ငန်း)၊ ဦးအောင်သန်းတို့နှင့်အတူ မေ ၂၆ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro VI(4) ဘောလုံးကို Adams Golf Iron No.(7) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅ ၈။ အကပဒေသာ
၈း၂၅ ၉။ အဆိုပြိုင်ပွဲ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ တေးဂီတအစီအစဉ်
၄း၁၅ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၂၅ ၄။ **သုံးပင်နှစ်ဆယ်**
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ **ဥတုရာသီတောကိုမှီ**
၅း၁၀ ၈။ သိပ္ပံနှင့်သဘာဝ ပတ်ဝန်းကျင်
၅း၃၀ ၉။ **အက္ခရာများကပြောသော စကား**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၅၃) ကိုလင်း၊ စိစိ၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၃၅ ၁၃။ **ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း**
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၃၇)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၆၄)
၂၁။ အစီအစဉ်ပြီး၏။

ကွန်ကရစ် လမ်းမကြီးများပေါ်တွင် သံဘီးတပ်ယာဉ်၊ မြင်းလှည်းယာဉ်၊ နွားလှည်းယာဉ်များ မောင်းနှင်ခြင်းမပြုရ။

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အထက်လွှတ်တော် အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် အဖွဲ့အား နေပြည်တော်လွှတ်တော် အဆောက် အအုံရှိ ပြည်သူ့လွှတ်တော်ကော်မတီ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နေပြည်တော် ဇွန် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ပြည်သူ့လွှတ်တော်ကော်မတီ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်သူ့လွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော လွှတ်တော် ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမဝန်ကြီးဌာန ၂၀၁၁ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M-1 ၌ ရွှေပြည်တန်အမှတ်(၁) စတင်တူးဖော်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံ မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M-1 တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd.၏ ရှာဖွေရေးတွင်း ရွှေပြည်တန် အမှတ်(၁) စတင်တူးဖော်ခြင်း အခမ်းအနားကို ကမ်းလွန်လုပ်ကွက် M-1 ရှိ West Juno တွင်းတူးစက်ပေါ်၌ မေ ၃၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ Rimbunan Petrogas Ltd.မှ Executive Director Mr.Tiong Hock Chai ၊ Offshore Installation Manager Mr.Murdo Maclean တူးဖော်ရေးပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွင်းတူးစက် ရှင်းလင်းဆောင်၌ Rimbunan Petrogas Ltd.စီမံကိန်းမန်နေဂျာနှင့် တွင်းတူးဖော်ရေးမန်နေဂျာတို့က ရွှေပြည်တန် အမှတ်(၁)၏ ဘူမိဗေဒတည်ရှိနေမှု အခြေအနေ၊ ရှာဖွေရေးတွင်း တူးဖော်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုရှာဖွေရေးတွင်း၏ အလားအလာသည် လွန်စွာကောင်းမွန်ကြောင်း၊ မြေအောက်ဘူမိ အနေအထားများအရ ဟိုက်ဒရိုကာဗွန် ရှိအောင်းနိုင်မည့် အခြေအနေကောင်းများ ရှိသကဲ့သို့ တူးဖော်ရေးပိုင်းတွင် နိုင်ငံခြားသား ပညာရှင်များနှင့်အတူ နိုင်ငံတကာ လုပ်ငန်းအတွေ့အကြုံရှိသော မြန်မာနိုင်ငံသားပညာရှင်များပါ ပူးပေါင်းလုပ်ဆောင်နေခြင်းအပေါ် ရလဒ်ကောင်းများ ဖြစ်ပေါ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

စစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်တန် အမှတ်(၁) တွင်းတူးစက်ပေါ်သို့ ရောက်ရှိပြီး တွင်းတူးစက်အား စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးသည်။ **(အောက်ပုံ)** ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တွင်းတူးစက်ရှိ မြေသားနမူနာများ စမ်းသပ်မည့်နေရာနှင့် တွင်းတူးဖော်နေသည့် အခြေအနေတို့ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁

သမဝါယမဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးပတ်ဝန်းကျင်၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးသန်းထွန်းတို့သည် သတ်မှတ်ထားသည့်နေရာများ၌ စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

စိုက်ပျိုး

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်ပင် ၄၀၀ နှင့် ကွမ်းသီးပင် ၂၀၀၀ တို့ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးခဲ့ကြသည်။

တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

2-6 (04).pmd 1 6/2/2011, 2:54 AM

ဒု တိ ယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် **Admiral Khamthorn Pumhiran** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group မှ Vice Chairman & President Mr. Tain Guoli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group မှ Vice Chairman & President Mr. Tain Guoli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ကျောက်ဖြူရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ ကျင်းပ

နေပြည်တော် ဇွန် ၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက် အမှာစကားပြောကြားပြီး မန္တလေးခရိုင်အတွင်းရှိ မသန်မစွမ်း ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့အား တစ်ဦးချင်း ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ယင်းနောက် တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် မူလတန်းအဆင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများကို မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများအားပေးအပ်ပြီး မြို့နယ်ခုနစ်မြို့နယ်မှ အလှူရှင်များ၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့၏ လှူဒါန်းငွေများကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လက်ခံ

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၆ မြို့နယ်အတွက် တစ်မြို့နယ်လျှင် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀ နှုန်းဖြင့် စုစုပေါင်း ဒါဇင် ၁၈၀၀၀ ကို အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်ဝင်းက လက်ခံသည်။

လှူဒါန်း

ယနေ့ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၅၀၀၊ တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့က ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၁၀၀၀ စီ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၈၀၀၀နှင့် တိုင်းဒေသကြီး ပညာရေးမိသားစုနှင့် မန္တလေးခရိုင် မြို့နယ်အသီးသီးမှ စေတနာရှင်များက အလှူငွေကျပ် ၈၇၂၇၅၀၀ တို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထောက်ပံ့ပေးအပ်

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

စာအုပ်စာပေ လှူ့မိတ်ဆွေ

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၆၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး

၂၀၁၁ခုနှစ်၊ ဇွန်လ (၂)ရက်

အစည်းအဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်
နေပြည်တော်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဒသမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာညီလာခံ

၂၀၁၁ခုနှစ်၊ ဇွန်လ (၃)ရက်

အစည်းအဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်
နေပြည်တော်

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၆၇)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးနှင့် ဒသမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပမည်

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၆၇)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇွန် ၂ ရက်တွင်လည်းကောင်း၊ ဒသမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ဇွန် ၃ ရက်တွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ ဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျန်းမာရေးဦးစီးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှူးများ ဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်/မြို့နယ်များမှ ကြက်ခြေနီကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်နှင့် ခန်းမဆောင်သစ် ဘုတလင်မြို့နယ်၌ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် တရော်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်နှင့်ခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ အေးမေတ္တာ ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အမှာစကား ပြောကြားသည်။

လက်ခံယူ

ထို့နောက် အလှူရှင်ဦးအောင်ရင်ကကျောင်းဆောင်သစ်၊ ခန်းမဆောင်သစ်တို့နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူး ဦးမြထွဋ်က လက်ခံယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် စာသင်ခုံအစုံ ၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယုန်လေးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ဆုံကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းအပ်နှံရေးဆောင်ရွက်နေမှုကိုကြည့်ရှု၍ ပညာသင်စရိတ်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ဟားခါးမြို့၌ ကျင်းပ

နေပြည်တော် ဇွန် ၁

ချင်းပြည်နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉နာရီခွဲက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်ကပြည်နယ်အစိုးရအဖွဲ့၏လှူဒါန်းငွေများကို ပြည်နယ်လူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဘမောင်ထံ ပေးအပ်သည်။ ထို့နောက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအကျိုးတော်ဆောင်များနှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာနတို့မှလှူဒါန်းငွေများနှင့် ပုံနှိပ်စာအုပ်များကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းအုပ်များနှင့် တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည်အမှတ်(၂)နှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသုံးဗလာစာအုပ်များနှင့်ပုံနှိပ်ပြဋ္ဌာန်းစာအုပ်များပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် လသာမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ၂၄ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ဌာနဆိုင်ရာများသို့ စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြေယာရှခင်းအလှ

တွံတေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေဝင်းနှင့် အဖွဲ့ဝန်ထမ်းများ မေ ၂၁ ရက်က ဘုရင့်နောင်ရပ်ကွက် တြိဂံကျွန်း မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

အမကကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ညောင်လေးပင် ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဂျောင်းတာကျေးရွာအုပ်စု အလုပ်စုကျေးရွာ မူလတန်းကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ရက် နံနက်၁၀နာရီက အဆိုပါကျောင်း၌ကျင်းပရာ ညောင်လေးပင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟာစိုး၊ မြို့နယ်ပညာရေးမှူး ဦးရဲလွင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအောင်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဆရာကြီးဦးရဲလွင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆန်စပါးထုတ်လုပ်မှု မြှင့်တင်ရေး ထန်းတပင်မြို့နယ်၌ ဆွေးနွေး

ထန်းတပင် ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီးထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ မေ၂၈ရက်က ဆန်စပါးထုတ်လုပ်မှု မြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်း ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်း၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ဦးထင်အောင်ရှိန် (လက်ထောက်မန်နေဂျာ မြေအသုံးချရေးဦးစီးဌာန)၊ ဦးမြင့်လွင် (ခရိုင်မန်နေဂျာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)နှင့် ဦးဘဟိန်း (စိုက်ပျိုးရေးပညာရှင်)တို့က ဆန်စပါးထုတ်လုပ်မှု မြှင့်တင်ရေး နည်းလမ်းကောင်းများကို ကဏ္ဍအလိုက် တောင်သူများအား ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ သိလိုသော အချက်အလက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။**(ဝဲပုံ)**

(ဝ၄၈)

ရွှေကူမြို့၌ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

ရွှေကူ ဇွန် ၁

ကချင်ပြည်နယ် ရွှေကူမြို့နယ် ရေလဲကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ရေလဲကျေးရွာ ဆေးခန်းရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းအောင်မော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်တို့က အလှူရှင်များအားမှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ပြီးအဆောက်အအုံသစ်နှင့်ပတ်သက်သောစာရွက်စာတမ်းများကိုကျေးရွာအုပ်ချုပ်ရေးမှူးက မြို့နယ်ဆရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဦးအောင်ဇေယျရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် သုံးရေများအား အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် အသိပညာပေးခြင်းလုပ်ငန်းကို မေ ၂၃ ရက်က စည်ပင်သာယာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၆-၂၀၁၁

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၃ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၃၀ ၅။ ဓမ္မပူဇာတေး
၇:၃၅ ၆။ မျိုးချစ်တပ်မတော်
၇:၄၀ ၇။ မြန်မာ့ရှုခင်း
၇:၄၅ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ဇာတ်လမ်းတို
၄:၂၅ ၇။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၃၅ ၈။ ဗွီစီဒီကျော်ကြားတေး
၄:၄၅ ၉။ မွေးမြူသုတ
၄:၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၇၀)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၂၇)
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၂၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏ တစ်နေ့တာ
၂၄။ လျှပ်တစ်ပြက်
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၆)
၂၇။ ဂီတရင်ခုန်သံ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အာရှပစိဖိတ်ဒေသဆိုင်ရာ HIV/AIDS အထူးအကြံပေးပုဂ္ဂိုလ် Dr. Nafis Sadik နှင့် အဖွဲ့သည် မေ ၃၁ ရက် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၏ အောင်မြင်မှုအခြေအနေများ၊ စီမံချက်များ ချမှတ်၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ မိခင်မှကလေးသို့ HIV/AIDS ရောဂါကူးစက်မှုကာကွယ်ရေးလုပ်ငန်း အစီအစဉ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ အန္တရာယ်ရှိသော အမူအကျင့်များ လျှော့ချရေးလုပ်ငန်းများ၊ HIV ရောဂါပိုးကူးစက်မှု သိရှိနိုင်ရန် စမ်းသပ်စစ်ဆေးမှုလုပ်ငန်းနှင့် ကုသရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်းတွင် မေ ၁၉ ရက်က ဟင်္သာတခရိုင် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး(ရှာဖွေ/ကယ်ဆယ်ရေး)အဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ကျန်းမာရေး ပညာပေးဟောပြောပွဲ တပ်ကုန်း၌ ကျင်းပ

နေပြည်တော် ဇွန် ၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို မေ ၂၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ **(အပေါ်ပုံ)** ဆရာစံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်း၊ မြို့နယ်သူနာပြုအဆင့်-၁ ဒေါ်နော်ရှဲလ်စေးနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင်တို့က ကျန်းမာရေး ပညာပေးဟောပြောကြကာ တက်ရောက်လာသူများအား ပိုးသတ်ထားသော မွေးအိတ်များ၊ ကိုယ်ဝန်ဆောင်အားဆေး B1 ဆေးများနှင့် လက်ဆောင်ပစ္စည်းများ ဝေငှပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၁)**

RC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ မူဆယ်အမှတ် (၁) အထက၌ ကျင်းပ

မူဆယ် ဇွန် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း RC နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ မူဆယ်မြို့နယ် ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီ၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် အထက(၁) ကျောင်းအုပ်ကြီး ဒေါ်နန်းစိန်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းဆောင်သစ်အတွက် ဦးမျိုးမင်းဇော် (ရွှေခေတ်ပရိဘောဂလုပ်ငန်း)က ငွေကျပ်သိန်း ၁၈၀၊ သစ်သီးကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းမောင်ညွန့်က စာသင်ခုံအတွက် ငွေကျပ် ၂၅ သိန်း၊ ဦးအောင်နော်-ဒေါ်ထုသူ မိသားစုက စာသင်ခုံအတွက် ငွေကျပ် ၁၂ သိန်းခွဲ၊ ဦးစိုးဝင်း-ဒေါ်ထိပ်တင်လှိုင် မိသားစုက စာသင်ခုံအတွက် ငွေကျပ် ၁၂ သိန်းခွဲ၊ အရှေ့ မြောက်တံခါးသစ်သီးကုမ္ပဏီမှ ဦးစိုင်းထွန်းဝင်း၊ ဦးခင်မောင်-ဒေါ်မြင့်စိန် (ခွာညိုကုမ္ပဏီ) နှင့် ဦးမြင့်သိန်း-မခမ်းကျင်၊ (သမီး)မသွယ်လီလီသိန်း မိသားစုက ငွေကျပ် ၁၀ သိန်းစီ၊ ဆရာမ ဒေါ်တင်ထွေးနှင့် ညီအစ်မများ၊ ဦးထန်အိတ်-ဒေါ်စန်းစန်းမြင့် (ရတနာရွှေစင်ရွှေဆိုင်) မိသားစုနှင့် ဦးခင်မောင်သက်-ဒေါ်မူမူစိုး မိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်နှင့် ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ ဦးစိန်လှတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြောင်းမြမြို့နယ်ဈေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မေ ၁၅ ရက်က ဈေးဌာနစိတ် သန့်ရှင်းရေးဝန်ထမ်းများ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းကို ဒုတိယဦးစီးမှူး(ဈေး) ဦးသန်းစိုးလွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ကွက်မှန်ကန်ရေး ဘားအံမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ဘားအံ ဇွန် ၁

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးရွာအုပ်စု/ရပ်ကွက်(၇၄/၂)ရှိ ကွင်းပေါင်း ၄၈၅ ကွင်း၌ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းများကို မြေစာရင်းဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်အောင်၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ဦးစီးဌာနမှူး ဦးသက်တင် **(အပေါ်ပုံ)** တို့သည် မေ ၁၄ ရက်က ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၆၂-က)နှင့် ဇာသပြင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၆၆-ခ)တို့တွင် မြေကြီး၊ မြေပုံ၊မြေစာရင်းနှင့်သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အထက(၁) ကျောင်းခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်က ကျောင်းနေအရွယ် ကလေးငယ်များအား ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ကုတ်မြို့နယ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကင်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက်က အထက(၁) အားကစားခန်းမ၌ ကျင်းပရာ ရန်ကင်းမြို့နယ် စေတနာရှင်ပြည်သူများက လှူဒါန်းသော ငွေကျပ် ၅၀၀၀၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက မြို့နယ်ပညာရေးမှူးထံ ပေးအပ်စဉ်။ (ဝ၄၃)

ရေနံချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ မေ ၂၅ ရက်က ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရာ ချို့တဲ့ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များကို အလှူရှင်တစ်ဦးက လှူဒါန်းသဖြင့် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့် လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် ဘိုကလေးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် အလှူငွေ၊ လှူဒါန်းပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၆ ရက်က ဘိုကလေးမြို့ မြို့မ (၄)ရပ်ကွက် စံကျောင်းရပ် အခြေခံပညာမူလတန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းစဉ်။ (ဝ၆၅)

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဇမ္ဗူသီရိ အဆင့်မြင့်အားကစားကွင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား နိုင်ငံခြားဧည့်သည်အဖွဲ့များ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အာရှပစိဖိတ်ဒေသဆိုင်ရာ HIV/AIDS အထူးအကြံပေးပုဂ္ဂိုလ် Dr. Nafis Sadik နှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဆောင်ရွက်လျက်ရှိသော HIV/AIDS ဆိုင်ရာ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးရေးလုပ်ငန်းများ၊ အနာဂတ်လုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေး

အလားတူ ပြည်ထောင်စုဝန်ကြီးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အာရှ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Bhichit Rattakul နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကြိုတင်သတိပေးမှုစနစ်များ၊ ဘေးအန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်ချက်များနှင့် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဆောင်ရွက်နိုင်မည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အာရှပစိဖိတ်ဒေသဆိုင်ရာ HIV / AIDS အထူးအကြံပေးပုဂ္ဂိုလ် Dr. Nafis Sadik နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

❍ *ကျော်ဖုံးမှ*

မှာကြား

မိမိဆေးရုံကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် လူနာများက ပိုမိုအားကိုးချစ်ခင်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမှသာ နောင်တွင် ဆေးရုံကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုပုံရိပ် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီးနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီး၏ အုပ်ချုပ်မှုရုံး၊ ပြင်ပလူနာဌာန၊ မျက်စိအထူးကုဌာန၊ သွားနှင့် ခံတွင်းရောဂါကုဌာန၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ဌာန၊ အမျိုးသား၊ အမျိုးသမီး ဆေးကုသဆောင်၊ ကလေးကုသဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားဆောင်၊ မီးယပ်ဆောင်၊ အရိုး အကြောအဆစ်ဌာန၊ ပင်မခွဲစိတ်ခန်း၊ ရောဂါရှာဖွေရေးဓာတ်ခွဲဌာနနှင့် ခွဲစိတ်လူနာကုသဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူအဆင့်ဆင့်အား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မေ ၃၁ ရက်တွင် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ ဆက်လက်၍ မြိုင်ကြီးငူဆရာတော်က တရားတော်များချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဆရာတော်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြိုင်ကြီးငူ ဆရာတော် ဦးစီးဆောက်လုပ်ခဲ့သည့် သံဃာ့ဆေးရုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုကာ ဂန္ဓာရုံတိုက်ရှိ ပိတောက်သစ်လုံး တစ်လုံးတည်းဖြင့် ထုလုပ်ထားသည့် ဆင်းတုတော်နှင့် ပျဉ်းကတိုးသစ်လုံး တစ်လုံးတည်းဖြင့် အမြင့် ၃၆ ပေ၊ လုံးပတ် ၁၀ ပေရှိ ဘုရားဆင်းတုတော်တို့အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မြိုင်ကြီးငူဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြိုင်ကြီးငူ တိုက်နယ်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသည့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးကာ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ဆက်လက်၍ မြိုင်ကြီးငူဒေသ၌ ဖွင့်လှစ်ထားသည့် အစိုးရအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြိုင်ကြီးငူ အထူးဒေသရှိ စိန်ပန်းမြိုင်ဆည်ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး မြို့သန့်ရှင်းသာယာ လှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မြိုင်ကြီးငူဆရာတော် ဦးသုဇနအား ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လျှောက်ထားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကမ်းနားတစ်လျှောက် လိုက်လံကြည့်ရှုပြီး မြိုင်ကြီးငူ-ကမမောင်း-အုန်းတော-ဖာပွန်-ကူးတို့ဆိပ်သို့ ရောက်ရှိကာ ဒေသခံပြည်သူများ ကူးသန်းရောင်းဝယ်နေမှုနှင့် မြိုင်ကြီးငူ ကမ်းနားတစ်ဝိုက် ဒေသထွက်သီးနှံများ ရောင်းချမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ မြိုင်ကြီးငူ အထူးဒေသ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ ကြိုတင်ရောက်ရှိနေမှု အခြေအနေများ၊ ကျောင်းဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများထံသို့ ထောက်ပံ့ပေးအပ်မည့် ကျောင်းသုံးပုံနှိပ်/ ဗလာစာအုပ်များ ကြိုတင်ရောက်ရှိနေမှု အခြေအနေများနှင့် ကျောင်းသားများ ဘော်လီဘော၊ ဘတ်စကက်ဘော အားကစားလေ့ကျင့် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးရေး၊ ကျောင်းဝန်းကျင်တစ်ဝိုက် လေကာပင်များ စိုက်ပျိုးထားရှိရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့သည့် ဒေါ်ဘောက်ဂျာ ၎င်း၏ ရွေးကောက်ပွဲကန့်ကွက်လွှာကို ပြန်လည်ရုပ်သိမ်း

နေပြည်တော် ဇွန် ၁

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခံရသူ ဦးအုန်းမြင့်အပေါ် ယင်းမဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့သည့် ဒေါ်ဘောက်ဂျာက ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ကို ဖွဲ့စည်းလျက် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည်။

ရုပ်သိမ်းခွင့်ပြု

ရွေးကောက်ပွဲခုံအဖွဲ့သည် ယင်းအမှုကို မေ ၃၀ ရက်က ရုံးချိန်ခေါ်ယူစစ်ဆေးခဲ့ရာ လျှောက်ထားသူ ဒေါ်ဘောက်ဂျာမှ ၎င်း၏ကန့်ကွက်လွှာအမှုအား တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁ တို့အရ ရုပ်သိမ်းခွင့်ပြုရန် ခုံအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့သည်။ ရွေးကောက်ပွဲခုံအဖွဲ့အနေဖြင့် လျှောက်ထားသူသည် ၎င်း၏ လွတ်လပ်သော သဘောဆန္ဒအရ ရုပ်သိမ်းလွှာတင်သွင်းကြောင်း ယုံကြည်သဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၆(က)အရ ကန့်ကွက်လွှာကို ရုပ်သိမ်းခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

စီမံကိန်းတာဝန်ပေးအပ်ပွဲ လှည်းကူး၌ ကျင်းပ

ရန်ကုန် ဇွန် ၁

လှည်းကူးမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်အေမီဇော်က စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး(ဝဲပုံ)က စီမံကိန်းတာဝန်များ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)



…က ဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှု
… ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေး

ကြည့်ရှုစစ်ဆေး

…သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်
…ပ်ချုပ်မှုရုံး၊ ပြင်ပလူနာဌာန၊ မျက်စိအထူးကုဌာန၊
…ဌာန၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ဌာန၊ အမျိုးသား၊
…ဆောင်၊ ကလေးကုသဆောင်၊ ခွဲစိတ်ဆောင်၊
…တင်၊ အရိုး အကြောအဆစ်ဌာန၊ ပင်မခွဲစိတ်ခန်း၊
…နနှင့် ခွဲစိတ်လူနာကုသဆောင်များအတွင်း
…၍ တာဝန်ရှိသူအဆင့်ဆင့်အား လိုအပ်သည်များ
(သတင်းစဉ်)

…သီးနှံများ ရောင်းချမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ မြို့ကြီး၌ အထူးဒေသ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ ကြိုတင်ရောက်ရှိနေမှု အခြေအနေများ၊ ကျောင်းဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများထံသို့ ထောက်ပံ့ပေးအပ်မည့် ကျောင်းသုံးပုံနှိပ်/ ဗလာစာအုပ်များ ကြိုတင်ရောက်ရှိနေမှု အခြေအနေများနှင့် ကျောင်းသားများ ဘော်လီဘော၊ ဘတ်စကက်ဘော အားကစားလေ့ကျင့် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးရေး၊ ကျောင်းဝန်းကျင်တစ်ဝိုက် လေကာပင်များ စိုက်ပျိုးထားရှိရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

… သစ်ပင် ချစ်ခင်တဲ့လူမျိုး
…နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

…ပေးအပ်ပွဲ လှည်းကူး၌ ကျင်းပ

…ရန်ကုန် ဇွန် ၁

… ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ
… ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေ
…စည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်
…ဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်း
…က စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍

ပေးအပ်

…နယ်အုပ်ချုပ်ရေးမှူး(ဝဲပုံ)က စီမံကိန်းတာဝန်များ
…ထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။
(မြို့နယ် ပြန်/ဆက်)

အဆင့်မြင့်အားကစားကွင်းများတည်ဆောက်ရာ၌ အရေးပေါ်ထွက်ပေါက်များ စနစ်တကျထည့်သွင်းတည်ဆောက် နိုင်ငံတကာစံချိန်စံညွှန်းမီစေရေး အလေးထားဆောင်ရွက်

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဇမ္ဗူသီရိအဆင့်မြင့်အားကစားကွင်း တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား စီမံကိန်းရှင်းလင်းဆောင်၌ မက်စ်မြန်မာကုမ္ပဏီအုပ်စု ဒုတိယဥက္ကဋ္ဌက အဆင့်မြင့်အားကစားကွင်းဆိုင်ရာ အချက်အလက်များ၊ အားကစားကွင်းအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများနှင့် စက်ယန္တရားများရောက်ရှိမှုနှင့် အဆင့်မြင့်ဘောလုံးကွင်းနှင့် အဆင့်မြင့်အားကစားရုံ တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်က Sports Village Complex အတွင်း တည်းခိုဆောင်များ တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အဆင့်မြင့်အားကစားကွင်း၊ အဆင့်မြင့်အားကစားရုံနှင့် တည်းခိုဆောင်များ တည်ဆောက်နေမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလေးထား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဆင့်မြင့်အားကစားကွင်း တည်ဆောက်ရာ၌ အရေးပေါ်ထွက်ပေါက်များ စနစ်တကျ ထည့်သွင်းတည်ဆောက်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းမီစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

လုပ်ငန်းများဆောင်ရွက်နေမှု

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဆင့်မြင့်ဘောလုံးကွင်းအတွင်း ပွဲကြည့်စင်များပြီးစီးနေမှုနှင့် အမိုးပိုင်း Steel Structure များ တပ်ဆင်နေမှု၊ အဆင့်မြင့်အားကစားရုံ တည်ဆောက်မှုလုပ်ငန်းခွင်အတွင်း အခြေခံအုတ်မြစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဘိုးလင်းအားကစားခန်းမနှင့် ဘိလိယက်အားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဇမ္ဗူသီရိအဆင့်မြင့်အားကစားကွင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဇမ္ဗူသီရိအဆင့်မြင့်အားကစားကွင်း တည်ဆောက်ရေး စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ရှိ အခြေခံပညာကျောင်းများ ဒုတိယဝန်ကြီး ဦးအေးကြူ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁

ယနေ့မှ စတင်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ပြီဖြစ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူသည် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အခြေခံပညာကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ကြည့်ရှု

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး နှစ်ထပ်ကျောင်းဆောင်နှင့် မူလတန်းအဆင့် စာသင်ဆောင်များရှိ စာသင်ခန်းများ၌ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အားပေး

ထို့မှတစ်ဆင့် နေပြည်တော် ဒက္ခိဏသီရိမြို့ အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် ဇေယျာသီရိမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် နေပြည်တော် ပုဗ္ဗသီရိမြို့ အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ လှည့်လည်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ မေ ၂၄ ရက်တွင် ဦးကောင်းမြင့်ထွဋ် အပါအဝင် ပုဂ္ဂိုလ် ၁၆ ဦးက မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ညှိနှိုင်း

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်နှင့်မိုဆူးလ်မြို့များ၌ ဗုံးခွဲမှုနှင့်ပစ်ခတ်မှုများဖြစ်ပွား၊ လေးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် မိုဆူးလ်မြို့များ၌ မေ ၃၁ ရက်က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားရာ အနည်းဆုံး လူလေးဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ဇွန် ၁ ရက်တွင် ပြောကြားသည်။

လွတ်မြောက်သွား

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အုပ်ချုပ်ရေးမှူး အသီးလ်အယ်လ်နူဂျာဖီ၏ ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်ရာ ဂျာဖီမှာ အသက်အန္တရာယ်မှ သီသီလေး လွတ်မြောက်သွားခဲ့သည်။ သို့သော် မိုဆူးလ်မြို့ နိုင်းဗင့်အရပ်၌ ကားပေါ်မှ သေနတ်ဖြင့် ပစ်ပြေးခဲ့သဖြင့် ဘီလပ်မြေကုမ္ပဏီအကြီးအကဲတစ်ဦး သေဆုံးပြီး ဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အယ်လ်ရှုတ်ဘ်ခရိုင်၌ လမ်းဘေးထောင်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးကာ အခြား လေးဦး ဒဏ်ရာရရှိခဲ့သည်။ (ယာပုံ)

ဘဂ္ဂဒက်မြောက်ပိုင်း အယ်လ်တာမီယာခရိုင်၌ သေနတ်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့ အယ်လ်အေမင်ခရိုင်၌ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦး ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ (အင်တာနက်)

အာဖဂန်လူနေအိမ်များကို နေတိုးတိုက်ခိုက်မှု သည်းခံမည်မဟုတ်ဟု အာဖဂန်သမ္မတ သတိပေးပြောကြား

ကဘူးလ် ဇွန် ၁

နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များအနေဖြင့် အာဖဂန်လူနေအိမ်များအပေါ် ဗုံးကြဲတိုက်ခိုက်နေခြင်းကို အဆုံးသတ်ရန်နှင့် ဆက်လက် သည်းခံတော့မည်မဟုတ်ကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက မေ ၃၁ ရက်တွင် သတိပေးပြောကြားလိုက်သည်။

အာဖဂန်တောင်ပိုင်းတွင် လွန်ခဲ့သည့် သီတင်းပတ်က နေတိုးတပ်ဖွဲ့က အာဖဂန်လူနေအိမ်များကို တိုက်ခိုက်ခဲ့သဖြင့် အရပ်သား ၁၄ ဦး သေဆုံးခဲ့ပြီးနောက် **(အပေါ်ပုံ)** သမ္မတကာဇိုင်းက အထက်ပါအတိုင်း သတိပေးလိုက်ခြင်းဖြစ်သည်။ တာလီဘန် အကြမ်းဖက်သမားများ နှိမ်နင်းရန် နေတိုးတပ်ဖွဲ့များ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဝင်ရောက်ခဲ့သော်လည်း လေကြောင်းစစ်ဆင်ရေးကိုသာ အဓိကထား တိုက်ခိုက်နေသဖြင့် အပြစ်မဲ့ အာဖဂန်အရပ်သားများသာ သေဆုံးနေရခြင်းကို မလိုလားကြောင်း၊ နေတိုးတပ်ဖွဲ့အနေဖြင့် အရပ်သားများအား ယခု တိုက်ခိုက်မှုသည် နောက်ဆုံးဖြစ်ရန်လိုကြောင်း အာဖဂန်သမ္မတက နေတိုးကို သတိပေးလိုက်သည်။

ကျူးကျော်ရေးတပ်

နေတိုးတပ်ဖွဲ့အနေဖြင့် အာဖဂန်နေအိမ်များအပေါ် လေကြောင်းမှ တိုက်ခိုက်နေခြင်းကို သည်းခံတော့မည်မဟုတ်ကြောင်း ကဘူးလ်မြို့၌ ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲ၌ သမ္မတဟာမစ်ကာဇိုင်းက ထပ်လောင်း သတိပေး ပြောကြားလိုက်သည်။ အာဖဂန်ပြည်သူများ နေထိုင်ရာ လူနေအိမ်များကို နေတိုးတပ်ဖွဲ့အနေဖြင့် တိုက်ခိုက်မှု ရပ်တန့်ခြင်းမရှိလျှင် အာဖဂန်ပြည်သူများကို သတ်ဖြတ်နေသည့် ကျူးကျော်ရေးတပ်များ အဖြစ်သာ မှတ်ယူရလိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၅၉၇၂** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၇၈၈၃၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၉၇၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၈၈၃၈ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၁ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ **၃၃၉၂၈** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၄၁၄၄၃** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၉၂၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၄၄၃ ဦး

(အင်တာနက်)

နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဟီလာရီဒပ်ဖ်၏ဘဝဇာတ်ကြောင်း

မောင်မောင်မြင့်ဆွေ ရေးသားသည်

လော့စ်အိန်ဂျလိစ် ဇွန် ၁

အမေရိကန်နိုင်ငံတစ်ဝန်း နေ့စဉ် ည ၇ နာရီ မိနစ် ၃၀ တွင် ဒစ္စနေရုပ်မြင်သံကြားလိုင်းနှင့် အပတ်စဉ် စနေနေ့တိုင်း နံနက် ၁၀ နာရီတွင် အောဘီစီရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်နေသော Lizzie Mc Guire ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဟီလာရီဒပ်ဖ်ကို ပရိသတ်များက တစ်ခဲနက် အားပေးလျက်ရှိသည်။ အသက် ၂၄ နှစ် အရွယ်သာရှိသေးသည့် ဟီလာရီဒပ်ဖ်သည် လက်ရှိအချိန်၌ ဝတ္ထုလည်း ရေးနေကြောင်း၊ ယင်းဝတ္ထုဇာတ်လမ်းမှာ မိမိဘဝအခြေခံအဖြစ်အပျက်များကို ရေးဖွဲ့ခြင်းဖြစ်ကြောင်း သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဟီလာရီဒပ်ဖ် (ဝဲပုံ) က ပြောကြားသည်။

အသက် ၁၁ နှစ်အရွယ်မှ စတင်ကာ Casper Meets Wendy ရုပ်ရှင်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သော ဟီလာရီဒပ်ဖ်မှာ ယင်းဇာတ်ကားဖြင့် အောင်မြင်မှု စတင်ရရှိခဲ့သူ ဖြစ်သည်။ ၁၉၉၉ ခုနှစ်၌ The Soul Collector ဇာတ်ကားဖြင့် အကောင်းဆုံးဆယ်ကျော်သက် သရုပ်ဆောင်ဆု ရရှိခဲ့သည်။ သူမ အောင်မြင်ကျော်ကြားခဲ့သော ဇာတ်ကားများမှာ Human Nature၊ Cadet Kelly၊ Agent Cody Banks၊ The Lizzie Mc Guire Movieစသည့်ဇာတ်ကားများ ဖြစ်ကြသည်။

အကြိုက်ဆုံး

ယခု ၂၀၁၁ခုနှစ်၌ She Wants Me ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားရာ လူကြိုက်များလျက်ရှိသည်။ ရုပ်မြင်သံကြားဇာတ်လမ်းများစွာ၌လည်း ပါဝင်သရုပ်ဆောင်ခဲ့ရာ Chicago Hope၊ American Dreams၊ George Lopez၊ Gossip Girl နှင့် Community ဇာတ်ကားများမှာ ပရိသတ်အကြိုက်ဆုံး ဖြစ်သည်။ ဟီလာရီဒပ်ဖ်သည် ၂၀၀၁ ခုနှစ်က အဆိုတော် အာရွန်ကာတာနှင့် နှစ်နှစ်ကြာ တွဲခဲ့သည်။ ၂၀၀၄ ခုနှစ်၌ အဆိုတော် ဂျိုလ်မက်ဒန်နှင့်တွဲခဲ့ပြီး ၂၀၀၆ ခုနှစ် နိုဝင်ဘာလ၌ လမ်းခွဲခဲ့ကြသည်။ ထိုနှစ်မှာပင် ဟီလာရီဒပ်ဖ်၏ မိဘနှစ်ပါးမှာ အိမ်ထောင်ဖက်နှင့် ကွာရှင်းပြတ်စဲခဲ့သဖြင့် ဝမ်းနည်းကြေကွဲမှုဖြစ်ခဲ့ရာမှ ဝတ္ထုရေးကာ ခံစားမှုများ ဖွင့်ချခဲ့ခြင်းဖြစ်သည် ။၂၀၀၇ ခုနှစ်၌ ကနေဒါ ဟော်ကီကစားသမား မိုက်ကွန်ရီနှင့်တွဲခဲ့ပြီး ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ၌ စေ့စပ်ပွဲ ကျင်းပကာ ဩဂုတ် ၁၄ ရက်၌ လက်ထပ်ခဲ့ကြသည်။ လက်ရှိအချိန်၌ ဟောလိဝုဒ်တွင် အောင်မြင်မှုအရှိဆုံး လူငယ်အမျိုးသမီး သရုပ်ဆောင် တစ်ဦးအဖြစ် ရပ်တည်လျက်ရှိပါကြောင်း။ ။

(အင်တာနက်)

အာရှရိုးရာ လှေလှော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့ရိုးရာလှေလှော်အသင်း တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁

၂၀၁၁ခုနှစ် ဇွန် ၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် ဖန်ချင်ကန်မြို့၌ ကျင်းပမည့် ပထမအကြိမ် အာရှရိုးရာ လှေလှော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဦး ခေါင်းဆောင်သော မြန်မာ့ရိုးရာ လှေလှော်အသင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

နှုတ်ဆက်

မြန်မာ့ရိုးရာ လှေလှော်အသင်းအား မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြတ်ကျော်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပါဝင်

မြန်မာ့ရိုးရာလှေလှော်အသင်းတွင် နည်းပြချုပ်အဖြစ် အရာခံဗိုလ်ဝင်းဖေ (ကာကွယ်ရေးဝန်ကြီးဌာန)၊ လက်ထောက်နည်းပြအဖြစ် အရာခံဗိုလ်သိန်းဝင်း (ကာကွယ်ရေးဝန်ကြီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာနေသူစိုး (ဇီဝိတဒါနသံဃာ့ဆေးရုံ)နှင့် မြန်မာ့ရိုးရာလှေလှော်အားကစားသမား ၂၄ ဦး ပါဝင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး လမ်း၊ တံတားများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၂၉ ရက် နံနက် ၇ နာရီခွဲက ဖျာပုံ-ဘိုကလေးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းနှင့် အောက်နတ်ချောင်းတံတားပြီးစီးမှု၊ ဖွင့်ပွဲအခမ်းအနားကျင်းပရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဘိုကလေးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ဘိုးပိုင်လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဖျာပုံ-ဘိုကလေးလမ်းပေါ်ရှိ ကျုံကူတံတားကြံ့ခိုင်မှုအခြေအနေ၊ ပြုပြင်ဆောင်ရွက်ရန်လိုအပ်ချက်များနှင့် မအူပင်-ဆားမလောက်လမ်းတစ်လျှောက် လမ်းအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ညနေ ၅ နာရီခွဲတွင် ဧရာဝတီတံတား(ညောင်တုန်း) စီမံကိန်းလုပ်ငန်းခွင်ပုသိမ်ဘက်ကမ်း၌ ချဉ်းကပ်လမ်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ယာပုံ) (သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အချိန်ရှိခိုက်လုံ့လစိုက်** တရားတော် [(ဘဒ္ဒန္တ စန္ဒသေန သုညတဓမ္မဆရာတော်)]
- ၆:၄၀ ကလောမှာထင်ရှား ရွှေဥမင်ဘုရား
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၀)
- ၈:၅၀ Activities in the City [အထက(၁)မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲ]
- ၉:၀၀ ကျေးလက်ပြည်သူ့သွားကျန်းမာရေး ကွင်းဆင်းကုသဆောင်ရွက်ပေး
- ၉:၁၅ Activities in the City (Special Menu 2011 နှင့် ထိုင်းနိုင်ငံ Pattaya ကမ်းခြေ ဟန်နီးမွန်းကံထူးရှင်ရွေးချယ်ပွဲ)
- ၉:၃၀ Fashion Talk (ကျောက်မျက်ရတနာဖက်ရှင်)
- ၁၀:၂၀ ရန်ကုန်မြင်ကွင်းကျယ် (North Point Shopping Centre ၏ School Super Bargains အထူးအစီအစဉ် ဈေးရောင်းပွဲ)
- ၁၀:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၅၅ The Champion of Dance
- ၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ နှစ်လိမ့်တစ်ပတ်ရိုက်ကွင်း အမှတ်တရ
- ၁၂:၃၀ လျှပ်စစ်လိုင်းများဖြတ်သန်း စီးဆင်းစေရာ လှိုင်မြစ်ကျော် တာဝါတည်ဆောက်ခြင်း
- ၁:၀၀ **အချိန်ရှိခိုက်လုံ့လစိုက်** တရားတော် [(ဘဒ္ဒန္တ စန္ဒသေန သုညတဓမ္မဆရာတော်)]
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Quiz Idol
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၂)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၀)
- ၅:၁၅ Activities in the City (မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၁ မှ MSI)
- ၅:၂၀ NIBBAN Dealer's Night
- ၅:၃၀ ရန်ကုန်မြင်ကွင်းကျယ် (MYES နှင့် Myanmar Network တို့၏ YDP Program မိတ်ဆက်ခြင်း)
- ၅:၄၀ ခေတ်ပုံထဲမှ အမှတ်တရများ (နေဆန်း)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၃)
- ၇:၀၅ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Activities in the City (မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မီဒီယာကော်နာဖွင့်ပွဲ)
- ၈:၄၅ စကားနပန်း **(အတင်းပြောတာကောင်းတယ်၊ အတင်းမပြောတာကောင်းတယ်)**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၁)
- ၁၀:၂၀ အားကစားမြင်ကွင်းစုံ
- ၁၀:၄၅ (မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အခမ်းအနား)
- ၁၁:၀၅ အနုပညာမိုးကောင်းကင်
- ၁၁:၂၅ ဖြစ်ထွန်းအောင်မြင် .... စိုက်ပျိုးဥယျာဉ် (မင်းကွတ်)
- ၁၁:၄၅ ဂီတသရုပ်ပြခန်း (ဗညားဟန်သီချင်းများ ရွေးချယ်တင်ဆက်မှု)
- ၁၂:၂၅ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
- ၁၂:၄၀ ဖန်တီးသူနှင့် အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း-၁)
- ၁:၀၅ ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
- ၁:၁၅ လှပသစ်ဆန်းအလှပြင်ခန်း (Lilawadee Spa)
- ၁:၃၅ လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
- ၂:၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဘုတ်ဘုတ်နှင့် တွေ့ဆုံခြင်း)
- ၂:၂၅ Celebrity Profile (Jet Li)
- ၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃:၅၅ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
- ၄:၀၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၄:၃၀ **မင်းမသိသေးပါဘူးကွာ** ဧရာ၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၄:၃၅ တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
- ၄:၅၀ လှမ်းခဲ့ပါဆွေ မနောမြေ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပုလောမြို့နယ် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်ရှိ လမ်းလယ်ကျွန်းများတွင် မေ ၅ ရက်က ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ ဖြည့်စွက်စိုက်ပျိုးခြင်းတို့ကို အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၁၁-၂၀၁၂ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ခရိုင်စီမံကိန်းဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်က စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ခရိုင်အဆင့် ဌာနဆိုင်ရာများကိုယ်စား ခရိုင်မြေစာရင်းဦးစီးမှူး ဦးဌေးလွင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများကိုယ်စား အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေတို့ထံ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၃၁)

မြန်မာ့အလင်း စာတည်းထံပေးစာများ

လမ်းမပေါ်မှ ဈေးဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ဖျာပုံမြို့ (၁၇)ရပ်ကွက် ဂေါက်ကွင်းအနောက်ဘက်ခြမ်း (ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာလမ်းထိပ်မှ ဦးအောင်မြတ်လမ်းထိပ်အထိ) မြို့ပတ်လမ်းမတစ်လျှောက် ကျူးကျော်ဆောက်လုပ်ထားသော စက်သုံးဆီဆိုင်များသည် လောင်စာဆီများကို လမ်းမပေါ်တက်၍ အပြိုင်အဆိုင် ရောင်းချနေခြင်းကြောင့် ခရီးသွားများ ယာဉ်လမ်းပိတ်ဆို့သည့်အပြင် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် အဆိုပါ ကျူးကျော်ဆိုင်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဖျာပုံသား

ညှော်နံ့နှင့် ဆူညံသံ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၈)ရပ်ကွက် မဟာဗန္ဓုလလမ်းမပေါ်ရှိ ၃၉ လမ်းနှင့် လမ်း ၄၀ အကြား မြေညီထပ်တိုက်ခန်းတစ်ခန်း၌ ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်မှ ကြော်လှော် ညှော်နံ့နှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ် ပါသည်။

ညှော်နံ့မခံနိုင်သူ

လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းများကို UMFCCI Training Institute ၌ ဖွင့်လှစ်ပို့ချလျက်ရှိရာ ဇွန် ၁၈ ရက်မှစတင်၍ Systematic Distribution & Management Batch-2 သင်တန်း၊ Practical Approach to International Trade Course (Batch-4)သင်တန်း၊ Office Management Course (Batch-6) သင်တန်း၊ Business English Course (Batch-4)သင်တန်း၊ Sales and Marketing (Basic) Course Batch-2 သင်တန်း၊ Accounting(LCCI Level I+II) သင်တန်း နှင့် Japanese Language Course (Basic Japanese I(N5),Basic Japanese II (N4), Intermediate Japanese (Grammar and Kanji) (N3), Japanese Language Course(N 2 Grammar) သင်တန်းတို့ကိုဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်မေးမြန်းနိုင်

သင်တန်းတက်ရောက်လိုသူများသည် လျှောက်လွှာများကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉) ရှိ UMFCCI Office Tower ၌ ရယူပြီး ဇွန် ၁၇ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက UMFCCI Training Institute ဖုန်း-၂၁၇၄၈၀၊ ၂၁၄၃၄၅မှ ၂၁၄၃၄၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကတ္တရာထပ်ပိုးလွှာခင်း

မြိတ်မြို့နယ် မြို့တွင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မေ ၁၃ ရက်က အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အချိန်မတော်ချက်ပြုတ်မှု ကြပ်မတ်ပေးစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် စံပြရပ်ကွက်(၆)လမ်းထိပ် ပတ်ဝန်းကျင်၌ ညအချိန်မတော် ချက်ပြုတ်ကြော်လှော် ရောင်းချသည့် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်နှင့် မုန့်မျိုးစုံဆိုင်တို့မှ ထွက်ပေါ်လာသော အညှော်နံ့များကြောင့် သက်ကြီးရွယ်အိုများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

လောင်စာဆီဆိုင် ရှင်းလင်းပြီးဖြစ်

၁၄-၁-၂၀၁၁ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **သင်္ဃန်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် အမက (၂၇) ကျောင်းဝင်း အနောက်ဘက်မှ လောင်စာဆီကြောင့် မီးဘေးစိုးရိမ်ရ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းပိတ်သိမ်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

စိန်ရတုမွေးနေ့မင်္ဂလာဆုတောင်း

ချစ်မေကြီး ဒေါ်စိန်စိန်မြင့် (အလက-၅၊ရန်ကင်း-ငြိမ်း)၏ ၂-၆-၂၀၁၁ ရက်တွင် ကျရောက်သော (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မေမေကြီးချစ်သော သားသမီးများ၊ မြေးများနှင့်အတူ သက်ရှည်ကျန်းမာပျော်ရွှင်ပြီး သာသနာရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ချစ်သားသမီးများ

သမီးကြီး - မယုယုကျော် (ဂျာမန်ဧည့်လမ်းညွှန်)
သားကြီး - ကိုအောင်မြင့်ကျော်-မရင်ရင်မြင့် (ဦးစီးအရာရှိ-လေကြောင်း-DCA)
သားလတ် - ကိုရန်မျိုးကျော်
သမီးငယ် - ကိုဝေဇင်ဦး(လက်ထောက်အထွေထွေမန်နေဂျာ-စက်မှု-၁)-မဆုဆုကျော်(ဘရူနိုင်းသံရုံး)
သမီးထွေး - ကိုဝင်းမောင်မောင်စိုး(မိတ္ထီလာပွဲရုံ)-မနုနုကျော်(ဂျာမန်ဧည့်လမ်းညွှန်)
ချစ်မြေးများ - ဆုဆု၊ ဥဥ၊ သုသု၊ ဖိုးကျူ။

မွေးနေ့ဆုတောင်း

၁၉-၅-၂၀၁၁ရက်တွင် ကျရောက်ခဲ့သည့် ချစ်သားကြီး အေးကိုကိုမင်းပိုင် (ရန်ကင်း-TTC-II) (၇)နှစ်မြောက်မွေးနေ့နှင့် ၁-၆-၂၀၁၁ရက်တွင် ကျရောက်ခဲ့သည့် ချစ်သားငယ် ညီညီမင်းပိုင် (၁)နှစ်မြောက်မွေးနေ့များမှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ဒယ်ဒီ၊ မာမီတို့နှင့်အတူ ပျော်ရွှင်စွာဖြင့် ထူးချွန်ထက်မြက်၊ လိမ္မာသိတတ်သော သားကောင်းလိမ္မာများအဖြစ် ဘဝခရီးလမ်းကို အေးချမ်းစွာ လျှောက်လှမ်းနိုင်ပါစေ-

ဒယ်ဒီ - ဦးကိုကိုခိုင် (သတင်းတပ်ဖွဲ့)
မာမီ - ဒေါ်မေသွယ်အေး
ဘိုးဘိုး၊ ဘွားဘွား
ကြီးကြီး၊ အန်ကယ်၊ တီတီများ။

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် နိုင်ငံခြားငွေဖြင့် စက်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) 100 KW MW Transmitter - 1 Set
(ခ) 50 KW SW Transmitter - 1 Set
(ဂ) 3 KW UHF TV Transmitter System - 1 Set
(ဃ) 1 KW UHF TV Transmitter System - 1 Set
(င) အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ၊ ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ - ၇ မျိုး
(စ) 200 Meter Tower တင်သွင်းတပ်ဆင်ခြင်း

၂။ တင်ဒါပေးသွင်းမှုကို ၂၄-၆-၂၀၁၁ရက် ၁၅း၃၀ တွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄။



ဆိုင်ရောင်းမည်

စက်လှေကားအနီး
K-- ယုဇနပလာဇာ၊
ဖုန်း-၀၉-၅၀-၁၀၈၄၆၊
၀၉-၅၁၈၁၃၅၃၊၀၁-၅၇၂၆၀၅။

ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၅-၂၀၁၁ရက် ဤသတင်းစာ၏ စာမျက်နှာ(၁၄)တွင် ပါရှိသော ဒေါ်ခင်သောင်းရီ၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၅)ရပ်ကွက်အစား ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၅၁)ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ကသာမြို့ အလက(၂) ပဥ္စမတန်းမှ မောင်ဇော်ကိုကိုထိုက်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက် ၉/အမဇ(နိုင်) ၀၀၀၃၀၄ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးတင့်ဝေ၏သမီး ဗန်းမော်မြို့ ကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ မချောချော ၁/ဗမန(နိုင်)၀၈၂၉၇၇ အား မကြယ်စင်သိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မကြယ်စင်သိန်း။**

အမည်ပြောင်း

ဦးလွမ်းဟောင်း၏သား မြစ်ကြီးနားမြို့ အထက(နန့်ပေါင်) နဝမတန်းမှ မောင်သူရိန်အား မောင်ဟောင်းဒိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟောင်းဒိုင်။**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်သက်မိုးဆွေ ၁၂/ဥကတ(နိုင်)၁၅၂၅၉၈ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးဆောင်ရွက်ပြီး အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။
ဦးမြင့်လင်း ၁၂/ဗဟန(နိုင်)၀၆၈၀၄၆
ဒေါ်တင်တင်မော် ၁၂/ဥကတ(နိုင်)၀၅၆၀၆၉။

နိုင်ငံအဝန်း
သစ်တော
စွမ်းဖြင့်
စိမ်းလန်း
စေရမည်

ကျောင်းသုံးဗလာစာအုပ်များ အင်းစိန်၌ ထောက်ပံ့လှူဒါန်း

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကမ်းနား အလယ်ရပ်ကွက် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံပေးခြင်းနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက အမက (၁၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ထောက်ပံ့လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အမှာစကားပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့်ဇနီး ဒေါ်မီမီသန်းတို့က ထောက်ပံ့ငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံယူသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၃၀ နှင့် စုစုပေါင်းငွေကျပ် ခြောက်သိန်းငါးသောင်းတန်ဖိုးရှိ စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပညာပေးဆောင်ရွက်

နေပြည်တော် ဇွန် ၁

ယာဉ်မတော်တဆ တိုက်ခိုက်မှုလျော့နည်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် နေပြည်တော်ကောင်စီဝင် နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှသည် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ဇွန် ၁ ရက် နံနက် ၇ နာရီက ဇမ္ဗူသီရိမြို့နယ် အလက(၃)၊ အမက(၁၄၀)၊ နေပြည်တော် ပျဉ်းမနားမြို့ရှိ အထက(၃)နှင့် ပုဗ္ဗသီရိမြို့နယ် အထက(၃)

ကျောင်းများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများ လူကူးမျဉ်းကျားမှ စနစ်တကျ လမ်းဖြတ်ကူးရေး ပညာပေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၄၀၄)

သုံးခွ၌ တစ်အိမ်ထောင်ကျွန်းသုံးပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇွန် ၁

သန်လျင်မြို့နယ် သစ်တောဦးစီးဌာနက သုံးခွနယ်မြေတွင်၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင်ကျွန်းသုံးပင် စိုက်ပျိုးရေး စည်းရုံးဟောပြောပွဲကို မေ ၂၈ ရက် နံနက်ပိုင်းက ကျောင်းစု ပတုပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ကျင်းပသည်။

ရှင်းလင်းဟောပြော

ဟောပြောပွဲတွင် ကျောင်းစုပတုပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး သုံးခွမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိုးမြင့်သန်းက တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးရသည့်ရည်ရွယ်ချက်နှင့် စိုက်ပျိုးခြင်းနည်းစနစ်များကို ရှင်းလင်းဟောပြောခဲ့သည်။ **(ဝဲပုံ)**

ဟောပြောပွဲအပြီးတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်ကို ကျေးရွာအတွင်း စုပေါင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။ (၁၂၄)

KIA (ကချင်)အဖွဲ့ထောင်ထားသော မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်နေ လီဆူးတိုင်းရင်းသူ ဒေါ်အလင်းမီး အသက်(၅၀)သည် နန်ကျင်ရွာ၏ အနောက်မြောက်ဘက် ၃ မိုင်ခန့်အကွာတွင် နွားပျောက်၍ ရှာဖွေနေစဉ် မေ ၂၇ ရက် နံနက် ၈ နာရီခန့်က KIA (ကချင်)အဖွဲ့မှ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ယာဘက်ခြေသလုံးနှင့် ဝဲဘက်လက်တို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။

ဒဏ်ရာရရှိ

အလားတူ မေ ၂၈ ရက် ညနေ ၃ နာရီခန့်တွင် ဝိုင်းမော်မြို့နယ် ကဏူးကျေးရွာနေ လီဆူးတိုင်းရင်းသား မောင်လီဝူး(၂၆)နှစ်သည် ဖခင်ဖြစ်သူ တောင်ယာလုပ်ကိုင်သည့် အင်ခရန်ကျေးရွာ၏ အရှေ့မြောက်ဘက် ဒဘတ်ချောင်းနေရာသို့ သွားရောက်စဉ် ချောင်းအနီးတစ်နေရာ၌ KIA (ကချင်)အဖွဲ့မှ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ဝဲ/ယာ ခြေသလုံး၊ ပေါင်နှင့် ဝဲဘက်လက်တို့တွင် လည်းကောင်း၊ မြစ်ကြီးနားမြို့နယ် ရာဒါကောင်းကျေးရွာနေ ကချင်တိုင်းရင်းသူ ဒေါ်ကော့ဘူ (၃၁)နှစ်သည် မန်ကျင်ရွာ၏ အနောက်မြောက်ဘက် ၇ မိုင်ခန့်အကွာ၌ မီးသွေးသယ်ဆောင်နေစဉ် KIA (ကချင်) အဖွဲ့မှ ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ယာဘက်ခြေသလုံးနှင့် ဝဲဘက်ပေါင်တို့တွင် လည်းကောင်း ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက မြစ်ကြီးနားဆေးရုံနှင့် ဝိုင်းမော်ဆေးရုံများသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း အသိအမှတ်ပြု စာမေးပွဲများ ကျင်းပမည်

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အသိအမှတ်ပြု(1) MCPA Certified Fundamental Software Engineer (FSE) (2) MCPA Certified Network Associate (NA) စာမေးပွဲများကို ဇွန် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ Function Hall (2) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်၌ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် အသင်းခွဲများရှိရာ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း တစ်ပြိုင်နက်ကျင်းပ စစ်ဆေးသွားမည်ဖြစ်သည်။

စာမေးပွဲများ

မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း၏ စာမေးပွဲများမှာ အိုင်တီပညာရှင်များအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသော ကျောင်းသားကျောင်းသူများ၊ အသင်းဝင်များအတွက် အရည်အချင်းကို အသိအမှတ်ပြုခံနိုင်ရေးအတွက် ဦးတည်စစ်ဆေးသော စာမေးပွဲများ ဖြစ်သည်။

စာမေးပွဲကြေး

စာမေးပွဲအောင်မြင်သူများသည် ပညာရှင်နယ်ပယ်တွင် စတင်လုပ်ကိုင်သည့်အခြေအနေသို့ ရောက်မည်ဖြစ်သည်။ စာမေးပွဲဖြေဆိုလိုသူများသည် ဇွန် ၁၅ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံး စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာမေးပွဲကြေးမှာ ငွေကျပ် ၅၀၀၀ဖြစ်ကာ MCPA အသင်းဝင်များအား ၁၀ရာခိုင်နှုန်း Discount ပေးမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် ၄ အခန်း ၄ မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၆၅၂၂၇၆၊ ၀၉-၇၃၀၈၈၃၀၀ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆေးရုံသုံးအောက်ဆီဂျင်ဘူးများ လှူဒါန်း

ဟသ်ာတ ဇွန် ၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဟသ်ာတခရိုင်စက္ခုပါလဒီ ဖောင်ဒေးရှင်းတို့၏ စတုတ္ထအကြိမ်မြောက် မျက်စီအခမဲ့ စမ်းသပ်ခွဲစိတ်ကုသမှုကို မေ ၂၁ ရက်က ဟသ်ာတမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် ဦးဌေးဦး-ဒေါ်နီနီဝင်း၊ သား ဗိုလ်ကြီးသိန်းဇော်ညို-မယဉ်သူအေး၊ မြေး ရွှေနေခြည်ညိုမိသားစုတို့က လူနာများအတွက် ငွေကျပ် ၈၅၀၀၀၀တန်ဖိုးရှိသော အောက်ဆီဂျင်ဘူးငါးဘူးကိုလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)(စက္ခုပါလဒီဖောင်ဒေးရှင်း)

သစ်ထုတ်ရေးဌာနဝန်ထမ်းသားသမီးများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ပဲခူး ဇွန် ၁

မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး တိုင်းရုံး ပြည်သစ်ထုတ်ရေးဒေသ၊ ဇရာဝတီဖောင်ဖွဲ့ရေးဒေသ၊ ဇီးကုန်းသစ်ထုတ်ရေးဒေသ၊ သာယာဝတီသစ်ထုတ်ရေးဒေသများရှိ ဆင်ဝန်ထမ်းနှင့်တောဝန်ထမ်းများ၏ သားသမီးကျောင်းသား ကျောင်းသူ ၂၇၃ဦးအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို မေ ၂၆ရက်က သာယာဝတီသစ်ထုတ်ရေးဒေသရုံး၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အဆိုပါ လှူဒါန်းပွဲတွင် ပညာရေးပံ့ပိုးမှုအဖွဲ့နာယက မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ(ငြိမ်း) ဦးဝေလင်းက ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

အမည်မှန်

လားရှိုးမြို့၊ အထက-၆၊ န၀မတန်း(စ)မှ မောင်အောင်မြင့်ဦး၏ အမည်မှန်မှာ မောင်ချစ်ဦး ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းကြည် ၁၃/ကခန(နိုင်) ၀၂၈၇၄၆ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၅၁၊ မြေကွက်တည်နေရာအမှတ် ၅၁(၁၃၂)၊တပင်ရွှေထီးလမ်း၊(၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဘိုနီ ဗဟာဒူးRGN-၀၁၀၉၇၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဘိုနီ ဗဟာဒူးကွယ်လွန်သဖြင့် ဒေါ်ခင်မာရီ ၉/မမန(နိုင်)၀၃၅၃၈၅က တရားဝင်အကြင်လင်မယားတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

မြင့်မြတ် ESSENTIAL (1)

Multi Focal Multi Coated Spectacle

UV Protection Normal



CR39 Organic Multi Focal Multi Coated Lens

Price - 32000/-

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၊ ပြဟ္မစိုရ်လမ်း၊ မြေကွက် အမှတ်(၄၃၆/ခ)၊ နှစ်၆၀ဂရန်မြေအမျိုးအစား မြေကွက်အကျယ် ပေ(၂၀×၆၀)ရှိ ဒေါ်လှတင် ၁၂/ဥကတ(နိုင်)၀၅၀၀၄၀အမည်ပေါက်သောမြေကွက်နှင့်နေအိမ်ကို အဆက်ဆက်ကတိစာချုပ်များအရဝယ်ယူထား၍ လက်ဝယ်ရှိပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် (၁)ဒေါ်နီနီလွင် ၁၂/ဥကတ(နိုင်) ၀၅၂၉၂၇၊ (၂)ဒေါ်စန္ဒာလွင် ၁၂/ဥကတ(နိုင်)၀၅၃၁၀၈တို့က ရောင်းချသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ အချို့အဝကပ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါကခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမောင်မောင်စိန်	ဦးသော်ဇင်	ဦးငြိမ်းချမ်းထွေး
(B.A, H.G.P, R.L)	(LL.B)	(LL.B)
တရားလွှတ်တော်ရှေ့နေ (၁၇၇၆)	အထက်တန်းရှေ့နေ (၃၁၈၅၄)	အထက်တန်းရှေ့နေ (၂၉၃၃၉)
ဖုန်း-၀၉-၇၃၀၄၁၅၉၄	ဖုန်း-၀၉-၄၃၀၆၄၂၈၁	ဖုန်း-၀၉-၄၉၃၄၈၀၇၂၊

တိုက်၄၆၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဆေးဝါးကုသမှုကောင်းမွန်ရုံမျှမက မေတ္တာစေတနာရှေ့ထားပြီး လူနာများအား နွေးထွေးစွာ ကြိုဆိုပြုစုစောင့်ရှောက်

ဆေးရုံကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် လူနာများက ပိုမိုအားကိုးချစ်ခင်လာအောင်ကြိုးပမ်း

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မေ ၃၁ ရက် ညနေ ၄ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူက ဆေးရုံကြီး၏ သမိုင်းကြောင်း၊ ဝန်ထမ်းအင်အားအခြေအနေ၊ ဆေးကုသပေးနိုင်မှုများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖြည့်စွက်တင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မှာကြားရာ၌ ဆေးရုံ၏ လိုအပ်ချက်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို သိရှိရန်နှင့် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးသွားရန် ဆေးရုံကြီးသို့ လာရောက်ခြင်းဖြစ်ကြောင်း။

ပြုစုစောင့်ရှောက်

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများသည် ဆေးဝါးကုသမှု ပြည့်စုံကောင်းမွန်ရုံမျှမက မေတ္တာစေတနာရှေ့ထားပြီး လူနာများအား နွေးထွေးစွာ ကြိုဆိုပြုစုစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၄

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ဓာတ်မှန်နှင့် ပုံရိပ်ဖော်ဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)